# သင့်ကလေးသည် အကြားအာရုံ ပိုင်းဆိုင်ရာ ရောဂါရှာဖွေစစ်ဆေးမှု ပြုလုပ်ရန် လိုအပ်သည်



**သင့်ကလေးသည် အကြားအာရုံပိုင်းဆိုင်ရာ ရောဂါရှာဖွေစစ်ဆေးမှု ပြုလုပ်ရန် ရက်ချိန်းရရှိထားသည်-**

သင့်ကလေး၏ အမည် ______________________________

အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင်၏ အမည် ______________________________

အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင်၏ ဖုန်းနံပါတ် ______________________________

အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင်၏ အီးမေးလ် ______________________________

ရက်ချိန်းပြသမည့် ရက်စွဲ ______________________________

ရက်ချိန်းပြသမည့် အချိန် ______________________________

ရက်ချိန်း ပြန်လည်စီစဉ်ရန် လိုအပ်ပါက – အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင် – အကြားပိုင်းဆိုင်ရာ ကုသမှု ကျွမ်းကျင်ပညာရှင်ထံ ဖုန်းခေါ်ဆိုပါ။ သင့်ကလေး အသက် *3* လ မကျော်မီ ဤစစ်ဆေးမှုကို ပြုလုပ်သင့်ပါသည်။

## နောက်ထပ်အဆင့်များ

- သင့်ကလေးကို အထက်ဖော်ပြပါ ရက်ချိန်းသို့ ခေါ်ဆောင်သွားပါ။
- အကြားအာရုံစစ်ဆေးမှုအတွင်း အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင်သည် သင့်ကလေး၏အကြားအာရုံကို စစ်ဆေးရန် ကိရိယာများကို အသုံးပြုမည်ဖြစ်သည်။ အဆိုပါစစ်ဆေးမှုသည် သင့်ကလေးကို နာကျင်စေမည်မဟုတ်ပါ။
- အကြားအာရုံချို့ယွင်းမှုကို စောစောဖော်ထုတ်သိရှိလေလေ သင့်ကလေးသည် စကားပြောနှင့် ဘာသာစကားကဲ့သို့သော ဆက်သွယ်ပြောဆိုမှုစွမ်းရည်များအား လေ့လာသင်ယူရန် ဝန်ဆောင်မှုများကို စောစောရရှိနိုင်လေ ဖြစ်သည်။

## ဆက်သွယ်ပြောဆိုခြင်းသည် အဘယ်ကြောင့် အရေးကြီးသနည်း။

- သင့်ကလေး စောနိုင်သမျှ အစောဆုံး ဆက်သွယ်ပြောဆိုနိုင်ပါက အကောင်းဆုံးဖြစ်သည်။ အဆိုပါစစ်ဆေးမှုသည် သင့်ကလေး ခံစားနေရသည့် အကြားအာရုံ ချို့ယွင်းမှု အမျိုးအစားနှင့် အကြားအာရုံချို့ယွင်းမှု အဆင့်တို့ကို ဖော်ထုတ်ပေးမည်ဖြစ်သည်။
- အကယ်၍ သင့်ကလေးသည် အကြားအာရုံချို့ယွင်းမှု ခံစားနေရပါက ဤရောဂါရှာဖွေစစ်ဆေးမှုသည် သင်နှင့် သင့်ကလေး၏ အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူတို့က သင့်ကလေးအတွက် ဆက်သွယ်ပြောဆိုရန်နည်းလမ်းကို ရွေးချယ်ရာ၌ အထောက်အကူဖြစ်စေမည်ဖြစ်သည်။ သင့်ကလေးအတွက် အကောင်းဆုံး ဆက်သွယ်ပြောဆိုရန်နည်းလမ်းဟူသည်မှာ သင့်ကလေးနှင့် မိသားစုအတွက် ဓမ္မဓိဋ္ဌာန်အကျဆုံး နည်းလမ်းကို ဆိုလိုခြင်း ဖြစ်ပါသည်။ အကောင်းဆုံးရွေးချယ်မှုမှာ သင့်ကလေး လက်ဟန်ပြဘာသာစကား၊ စကားပြော သို့မဟုတ် နှစ်မျိုးလုံးဖြင့် ဆက်သွယ်ပြောဆိုရန် ဖြစ်နိုင်ပါသည်။
- မိဘများနှင့် ပြုစုစောင့်ရှောက်သူများသည် ကလေး၏ ဆက်သွယ်ပြောဆိုရန် လေ့လာသင်ယူမှု၌ အရေးအပါဆုံးသူများ ဖြစ်ပါသည်။
- ဆက်သွယ်ပြောဆိုခြင်းသည် သင်က သင့်ကလေးထံ ဆက်သွယ်ပြောဆိုခြင်းနှင့် သင့်ကလေးက သင့်ထံ ဆက်သွယ်ပြောဆိုခြင်းဟူ၍ နှစ်လမ်းသွား ဖြစ်သင့်ပါသည်။
- သင့်ကလေးသည် မွေးဖွားချိန်မှစ၍ ဘာသာစကားစွမ်းရည်များ စတင်ဖွံ့ဖြိုးပါသည်။ ဘာသာစကားသည် လေ့လာသင်ယူမှုအားလုံးအတွက် အဓိကကျပြီး ကြားသိခြင်းသည် လေ့လာသင်ယူရာ၌ အလွန်အရေးပါပါသည်။

## အကြားအာရုံ ချို့ယွင်းမှုဟူသည်မှာ အဘယ်နည်း။

- အကြားအာရုံ ချို့ယွင်းမှုဟူသည်မှာ သင့်ကလေး၏ အသံကြားသိပုံအပေါ် သက်ရောက်မှုရှိသည့် အခြေအနေတစ်စုံတစ်ရာ ဖြစ်ပါသည်။ ယင်းသည်-
  - > တစ်သက်တာ သို့မဟုတ် ယာယီ ဖြစ်နိုင်ပါသည်
  - > အပျော့စားအဆင့်၊ အလယ်အလတ်အဆင့်၊ ပြင်းထန်အဆင့် သို့မဟုတ် အလွန်ပြင်းထန်သောအဆင့် ဖြစ်နိုင်ပါသည်
- သင့်ကလေးသည် အကြားအာရုံ ချို့ယွင်းမှု ခံစားနေရသည်ဟု ရောဂါရှာဖွေစစ်ဆေးမှုက အတည်ပြုပါက ယင်းသည် အကြားအာရုံ ချို့ယွင်းမှုအမျိုးအစားနှင့် အကြားအာရုံ ချို့ယွင်းမှုအဆင့်တို့ကို သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် အကြားအာရုံပိုင်းဆိုင်ရာ ပညာရှင်ထံ ဖော်ပြပေးမည် ဖြစ်ပါသည်။

ထပ်လောင်းအချက်အလက်များအတွက်- **health.ny.gov/EHDI**

NEW YORK STATE | Department of Health